# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

December 12 , 2023 Volume 73, Number 7

၁၂.၁၂.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၈၇ US$ |
| မြန်မာ့ရွှေဈေး | = ၃၇၀၀၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၃၅၄၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၆၄.၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၄.၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၃၄.၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၈၂.၉ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၂.၆၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၁၈၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၀.၀၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၈.၂၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၈.၈၉၈ ကျပ် |

Source: CBM Rate, etrademyanmar.com

## မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့၏ (၄/၂၀၂၃) ကြိမ်မြောက်လုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၁)၊ ပြည်ထောင်စုဝန်ကြီး တက်ရောက်အမှာစကားပြောကြား



မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့၏ (၄/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးအား ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်နေ့၊ မွန်းလွဲပိုင်းက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ညီလာခံခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးတွင် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၁)၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး အမှာစကားပြောကြားခဲ့သည်။

ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌက ပြောကြားရာတွင် စီးပွားရေးရာကော်မတီ အစည်းအဝေး အမှတ်စဉ် (၇/၂၀၂၃) တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အထူးစီးပွားရေး ဇုန်များသည် မိမိတို့နိုင်ငံအတွက်သာမက ဒေသတွင်းနိုင်ငံများ၏ စီးပွားရေးနှင့် ဖွံ့ဖြိုး တိုးတက်ရေးတို့အတွက် အထောက်အကူပြုသဖြင့် အမြန်ဆုံးတိုးတက်မှုရရှိရန်နှင့် လုပ်ငန်းများအောင်မြင်စွာလည်ပတ်နိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ အလားတူ ကျောက်ဖြူရေနက်ဆိပ်ကမ်း၊ ထားဝယ်ရေနက်ဆိပ်ကမ်းများသည်လည်း နိုင်ငံဖွံ့ဖြိုး တိုးတက်ရေးအတွက် အထောက်အကူပြုစေနိုင်သည့်အတွက် စီမံကိန်းများအမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားခဲ့ပါကြောင်း၊ ကျောက်ဖြူ

## CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၁၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖတ်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm


ရေနက်ဆိပ်ကမ်းနှင့်ပတ်သက်၍ ယခင်အစိုးရလက်ထက်တွင် လက်မှတ်ရေးထိုးထားပြီးဖြစ်သော လုပ်ငန်း လုပ်ကိုင်ခွင့် သဘောတူစာချုပ်အား ပိုမိုကောင်းမွန်၍ ရှင်းလင်းပြည့်စုံမှုရှိစေရေးအတွက် ရင်းနှီးတည်ဆောက်သူ ဖြစ်သည့် China International Trust Investment Corporation–CITIC နှင့် ညှိနှိုင်းမှုများဆောင်ရွက်ခဲ့ရာ နှစ်ဦးနှစ်ဖက် အပြုသဘော ဆောင်သည့် ဆွေးနွေးမှုများကြောင့် ညှိနှိုင်းမှုများပြီးပြတ်ခဲ့ပြီဖြစ်ပြီး၊ မကြာမီအတွင်းနောက်ဆက်တွဲ ဖြည့်စွက်စာချုပ်ကို လက်မှတ်ရေးထိုးနိုင်တော့မည်ဖြစ်ပါကြောင်း၊ ကျောက်ဖြူရေနက်ဆိပ်ကမ်းစီမံကိန်း တည်ဆောက်ရေးလုပ်ငန်းများ စတင်ချိန်တွင် ဒေသခံရခိုင်တိုင်းရင်းသားများအပါအဝင် နိုင်ငံသားလုပ်သားများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရေးအတွက် တည်ဆောက်ရေးလုပ်ငန်းဆိုင်ရာ အသက်မွေးဝမ်းကျောင်းပညာသင်ကြားရေးအစီအစဉ်များကို စတင်ပြင်ဆင်ထားရန် ဖြစ်ပါကြောင်း၊ ကျောက်ဖြူရေနက်ဆိပ်ကမ်းစီမံကိန်းတွင် နိုင်ငံသားကုမ္ပဏီများ ပါဝင်ရင်းနှီးမြှုပ်နှံနိုင်ရေးအတွက် အစိုးရ အသိအမှတ်ပြုကုမ္ပဏီစု (Government Designated Entity Consortium) ဖွဲ့စည်းနိုင်ရေး နိုင်ငံပိုင်သတင်းစာများတွင် စိတ်ဝင်စားမှု အဆိုပြုလွှာကြေညာဖိတ်ခေါ်ခဲ့ပြီးဖြစ်၍ အဆိုပြုလွှာတင်သွင်းလာသည့် ကုမ္ပဏီများအား စိစစ်ရွေးချယ်သည့် လုပ်ငန်းစဉ်များ မကြာမီဆက်လက်ဆောင်ရွက်တော့မည်ဖြစ်ပါကြောင်း၊ ကျောက်ဖြူရေနက်ဆိပ်ကမ်းစီမံကိန်းသည် နိုင်ငံတော်အတွက်သာမက နိုင်ငံသားစီးပွားရေးလုပ်ငန်းရှင်များ၊ တိုင်းရင်းသားလုပ်သားများအတွက်လည်း အခွင့်အလမ်းများ ပေါ်ပေါက်စေမည်ဖြစ်ပါကြောင်း၊ သီလဝါအထူးစီးပွားရေးဇုန်အတွင်းရှိ စီးပွားရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ လည်ပတ်ဆောင်ရွက်နိုင်ရေးအတွက်လည်း လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲရေးကော်မတီအနေဖြင့်လည်း သီလဝါအထူးစီးပွားရေးဇုန်အတွင်းရှိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအဆင်ပြေချောမွေ့စေရေးအတွက် လိုအပ်သလို စီမံဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အထူးစီးပွားရေးဇုန်များအနေဖြင့် ဇုန်အတွင်းရှိရင်းနှီးမြှုပ်နှံသူများနှင့် ဇုန်ပြင်ပရှိ အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ပိုမိုချိတ်ဆက်ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်းပြောကြားပါသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံနှင့်အဖွဲ့ဝင်များ၊ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီများနှင့် ဌာနဆိုင်ရာအသီးသီးမှတာဝန်ရှိသူများက အထူးစီးပွားရေးဇုန်များ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းကိစ္စရပ်များကို ဝိုင်းဝန်းဆွေးနွေးအကြံပြုတင်ပြခဲ့ကြပြီး မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အစည်းအဝေးသို့ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ သီလဝါ၊ ကျောက်ဖြူနှင့် ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာအသီးသီးမှတာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**Source:** https://www.commerce.gov.mm/my/article/%E1%80%94%E1%80%B1%E1%80%AC%E1%%

## မြန်မာမှပဲစင်းငုံတန်ချိန် ၄ သိန်း၊ မတ်ပဲတန်ချိန် ၁ သန်း အိန္ဒိယ ဝယ်ယူတင်သွင်းမည်



အိန္ဒိယနိုင်ငံတွင် ပဲစင်းငုံနှင့်မတ်ပဲ ဈေးမြင့်တက်နေသည်။ ယခုနှစ် ၎င်းပဲနှစ်မျိုးစလုံး အထွက်နည်းမည်။ သို့ဖြစ်ရာ အိန္ဒိယအစိုးရသည် ပဲစင်းငုံနှင့်မတ်ပဲတို့ကို ပြည်ပမှ တင်သွင်းပြီး ပြည်တွင်းဈေးကွက်ကို ဖြည့်တင်းမည်။

အိန္ဒိယအစိုးရသည် ဈေးနှုန်းမြင့်တက်နေသည်ကိုထိန်းရန်နှင့် ပြည်တွင်းဈေးကွက်တွင် လုံလောက်စွာရရှိနိုင်စေရန် မြန်မာနိုင်ငံမှ ပဲစင်းငုံ တန်ချိန် ၄၀၀,၀၀၀ နှင့် ပဲစင်းငုံတန်ချိန် ၁ သန်းခန့် တင်သွင်းရန် စီစဉ်နေသည်။

ပဲစင်းငုံနှင့်မတ်ပဲဈေးနှုန်းများ မြင့်မားနေသဖြင့် အိန္ဒိယအစိုးရက မြန်မာနိုင်ငံမှ ပဲစင်းငုံနှင့်မတ်ပဲတန်ချိန် ၄ သိန်းကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလတွင် ပထမအသုတ် တင်သွင်းရန် အစီအစဉ်ရေးဆွဲထားသည်။

The Economic Times သတင်းအရ အိန္ဒိယအစိုးရသည် ရိတ်သိမ်းဆဲကာလတွင် ပဲစင်းငုံနှင့်မတ်ပဲတို့ကို တင်သွင်းရန်ဆုံးဖြတ်ခဲ့သည်။ အစိုးရက ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ယခုနှစ်တွင်ထုတ်လုပ်မှုနည်းပါးမည်ဟု ခန့်မှန်းထားသည်။

ပဲစင်းငုံနှင့်မတ်ပဲဈေးနှုန်းများကို ထိန်းချုပ်ရန်ကြိုးပမ်းရာတွင် ရည်ရွယ်ချက်ရှိရှိဖြင့်လျှောင်ထားပြီး ဈေးကစားကြခြင်းကို တားဆီးရန် အစိုးရက သိုလှောင်မှုပမာဏကို ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှစ၍ ဒီဇင်ဘာလကုန်အထိ အကန့်အသတ်ဖြင့်သာ ခွင့်ပြုထားသည်။ အိန္ဒိယနိုင်ငံတွင် ဂျုံ၊ ဆန်၊ ကြက်သွန်နီ ဈေးနှုန်းများလည်း မြင့်တက်နေပါသည်။

**Source: Economic Times**

https://www.foodindustrydirectory.com.mm/food-industry/cuisine/india/item/7288-tur-urad.html

## ကျိုက်လတ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ငါးရှဉ့်ပိဿာချိန် ၆၅၀၀၀ တင်ပို့ရောင်းချ ရန်ကုန်မှတစ်ဆင့် တရုတ်နှင့်ထိုင်းသို့ပို့



ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလက ငါးရှဉ့်ပိဿာချိန် ၆၅,၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့ရှိ ငါးရှဉ့်ရောင်းဝယ်ရေးပွဲရုံများမှ သိရသည်။

ကျိုက်လတ်မြို့မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလက ငါးရှဉ့်ပိဿာချိန် ၄၅,၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာလတွင် ပိဿာချိန် ၂၀,၀၀၀ ထပ်မံတိုးမြှင့်တင်ပို့နိုင်ခဲ့ကြောင်း ငါးရှဉ့်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ငွေးငွေးက ပြောသည်။

"လက်ရှိ ငါးရှဉ့်တစ်ပိဿာကို ဈေးနှုန်းအနေနဲ့ ငွေကျပ် ၉,၇၀၀ ဈေးပေါက်နေပါတယ်"ဟု သူမကဆိုသည်။ ကျိုက်လတ်မြို့နယ်မှထွက်ရှိသည့် ငါးရှဉ့်များကို ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချလျက်ရှိပြီး ထိုမှတစ်ဆင့် ပြည်ပဈေးကွက်များဖြစ်သည့် တရုတ်နှင့်ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

ငါးရှဉ့်အရောင်းအဝယ်ကောင်းမွန်သဖြင့် ကုန်တန်ကုန်ချလုပ်သားများ၊ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး လုပ်ငန်းရှင်များ၊ ငါးရှဉ့်ရှာဖွေဖမ်းဆီးသူများ အလုပ်အကိုင်အခွင့်အလမ်း ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

**Source:** https://www.popularmyanmar.com/?p=141113

## အဓိကပို့ကုန် ၁၀ မျိုးတွင် ဒေါ်လာ ၂ ဒသမ ၂ ဘီလီယံကျော်တန်ဖိုးရှိ သဘာဝဓာတ်ငွေ့ ဒုတိယနေရာ၌ရပ်တည်

ယခုနှစ် ဧပြီလ ၁ ရက်မှ ဒီဇင်ဘာလ ၁ ရက်နေ့အထိ ပြည်ပနိုင်ငံတွေထံ တင်ပို့ခဲ့တဲ့ ပို့ကုန်အမည် (၁၀) မျိုးထဲမှာ သဘာဝဓာတ်ငွေ့ပို့ကုန်က ဒုတိယနေရာမှာရပ်တည်နေကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရဲ့ တရားဝင်အချက်အလက်တွေအရ သိရပါတယ်။

အဆိုပါ (၈) လတာအတွင်းမှာ သဘာဝဓာတ်ငွေ့ MMBTU (၂၂၈) သန်းကျော် တင်ပို့ရောင်းချမှုကနေ အမေရိကန်ဒေါ်လာ (၂၂၂၀ ဒသမ ၅၂၁) သန်း ရရှိခဲ့တယ်လို့ MOC က ဖော်ပြထားပါတယ်။ ချုပ်ပြီးအထည်တင်ပို့မှုကတော့ ဒေါ်လာ (၂ ဒသမ ၉) ဘီလီယံကျော်နဲ့ အဓိကပို့ကုန်အများဆုံး (၁၀) မျိုး စာရင်းထဲမှာ အဆင့်(၁) ဖြစ်ပြီး မတ်ပဲက ဒေါ်လာ (၄၇၄) သန်းကျော်၊ ဆန်၊ ဆန်ကွဲက ဒေါ်လာ (၃၇၈) သန်းကျော်၊ ပြောင်းက ဒေါ်လာ (၂၇၁) သန်းကျော်၊ ငါးက ဒေါ်လာသန်း (၂၂၀) ကျော်၊ ပဲတီစိမ်းက ဒေါ်လာ (၁၈၅) သန်းကျော်၊ ရော်ဘာစိမ်းက ဒေါ်လာ (၁၂၃) သန်းကျော်၊ ပဲစင်းငုံက ဒေါ်လာ (၁၀၁) သန်းကျော်၊ သတ္တုနှင့်သတ္တုရိုင်းများက ဒေါ်လာ (၇၉) သန်းကျော် တင်ပို့ထားပါတယ်။

ပို့ကုန်အများဆုံး တင်ပို့တဲ့ (၁၀) နိုင်ငံထဲမှာ ထိုင်းက ဒေါ်လာ (၂ ဒသမ ၄၇) ဘီလီယံကျော်နဲ့ အများဆုံးတင်ပို့ထားတဲ့ နိုင်ငံဖြစ်ပြီး တရုတ်က ဒေါ်လာ (၁ ဒသမ ၉၃) ဘီလီယံကျော်နဲ့ ဒုတိယနေရာမှာ ရပ်တည်နေကာ ဂျပန်နိုင်ငံကို ဒေါ်လာ (၇၈၄) သန်းကျော်၊ အိန္ဒိယကို ဒေါ်လာ (၅၇၂) သန်းကျော်၊ အမေရိကန်ကို ဒေါ်လာ (၄၁၂) သန်းကျော်ပမာဏရှိတဲ့ ပို့ကုန်တွေ တင်ပို့ခဲ့ပါတယ်။

ဒါ့အပြင် ဂျာမနီနိုင်ငံက ဒေါ်လာ (၃၅၆) သန်းကျော်၊ စပိန်က ဒေါ်လာ (၃၂၁) သန်းကျော်၊ ပိုလန်က ဒေါ်လာ (၃၁၆) သန်းကျော်၊ တောင်ကိုရီးယားနိုင်ငံက ဒေါ်လာ (၂၆၁) သန်းကျော်နဲ့ ဗြိတိန်က ဒေါ်လာ (၂၂၂) သန်းကျော် ပမာဏရှိတဲ့ မြန်မာ့ပို့ကုန်တင်သွင်းသူ ထိပ်သီး (၁၀) နိုင်ငံဖြစ်ကြောင်း သိရပါတယ်။

ယခုနှစ်မှာ မတ်ပဲ၊ ဆန်၊ ဆန်ကွဲ၊ ပြောင်း၊ ပဲတီစိမ်း၊ ရော်ဘာ၊ ပဲစင်းငုံ၊ နှမ်း၊ မြေပဲ၊ ကြက်သွန်နီ၊ နနွင်းတက်၊ မန်ကျည်းသီး၊ ချင်းခြောက်၊ ဝဥ၊ ကြက်ဆူစေ့၊ ကော်ဖီစေ့၊ သီဟိုဠ်စေ့၊ ဝါ၊ ပီလောပီနံ၊ ဖရဲ၊ သခွား၊ သရက်၊ တစ်သျှူးငှက်ပျောစသည့် လယ်ယာထွက်တွေအပြင် ရေထွက်ပစ္စည်းကဏ္ဍမှ ငါးမျိုးစုံ၊ ပုစွန်၊ ကဏန်း၊ ငါးရှဉ့်၊ ငါးလေးခြောက်၊ ငါးခြောက်များ တင်ပို့ထားပါတယ်။

စက်မှုကဏ္ဍကနေလည်း သစ်ပါးလွှာနဲ့အထပ်သားများ၊ သစ်အချောထည်ထုတ်ကုန်များ၊ ချုပ်ပြီးအထည်၊ သကြားနှင့်အခြားစက်မှုကုန်ချောထုတ်ကုန်များကိုလည်း တင်ပို့ထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရဲ့ စာရင်းတွေမှာ ဖော်ပြထားပါတယ်။

**Source: BETV Business**

## စစ်တကောင်းတွင် မြန်မာနှင့်အိန္ဒိယကြက်သွန်များအစား ဈေးချိုသည့် တရုတ်ကြက်သွန်နှစ်မျိုးအဝယ်များ



ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်တကောင်းမြို့မှ Khatunganj၊ Asadganj နှင့် Chaktai လက်ကားဈေးကွက်များတွင် တရုတ်ကြက်သွန်နီမျိုးများသည် အိန္ဒိယနှင့် မြန်မာကြက်သွန်မျိုးများကို အစားထိုး နေရာယူလျက်ရှိသည်။

တရုတ်ကြက်သွန်နီဈေးသည် အိန္ဒိယနှင့်မြန်မာထက် နိမ့်သောကြောင့် စစ်တကောင်းမြို့တွင် နေထိုင်သူတို့သည် နည်းနည်းပေးပြီး များများရသည့် တရုတ်ကြက်သွန်နီကို ဦးစားပေး ဝယ်ယူလျက်ရှိသည်။ ဈေးကြီးများသို့ တရုတ်ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်လျက်ရှိသည်။ တရုတ်ကြက်သွန်နီများကို အအေးပေးကွန်တိန်နာများဖြင့် စစ်တကောင်းဆိပ်ကမ်းမှတစ်ဆင့် တင်သွင်းကြသည်။

တရုတ်ကြက်သွန်နီများသည် အိန္ဒိယနှင့်မြန်မာ ကြက်သွန်နီများထက် အရွယ်အစား ပိုကြီးသည်။ Khatunganj, Asadganj နှင့် Chaktai ဈေးကြီးများတွင် လက်ကားဈေးနှုန်း တစ်ကီလိုဂရမ်လျှင် တာကာ ၅၀ – ၅၅ ဖြင့် ရောင်းချသည်။ စားသောက်ဆိုင်ပိုင်ရှင်များသည် တရုတ်ကြက်သွန်နီ အကြီးကြီးများကို ပိုကြိုက်ကြသည်။ တစ်ကီလိုဂရမ်လျှင် တရုတ်ကြက်သွန်နီ သုံးလေးဥမျှသာပါသည်အထိ အရွယ်အစားကြီးသည်။

တရုတ်ကြက်သွန်နီ တစ်အိတ်လျှင် ၅၀ ကီလိုဂရမ်ပါသည်။ တရုတ်ကြက်သွန်နီ ၂ မျိုးဝင်သည်။ ကြက်သွန်နီအနီသည် တစ်ကီလိုဂရမ်လျှင် တာကာ ၅၀ ဖြင့်ရနိုင်ပြီး ကြက်သွန်နီအဖြူသည် တစ်ကီလိုဂရမ်လျှင် ၅၅ တာကာ ပေးရသည်။ စစ်တကောင်းမြို့တွင် ကြက်သွန်နီလက်လီရောင်းဈေးများမှာ တစ်ကီလိုဂရမ်လျှင် တရုတ်ကြက်သွန်နီ တာကာ ၆၅ – ၇၀ ဖြစ်ပြီး အိန္ဒိယကြက်သွန်နီမှာ တာကာ ၁၀၀ – ၁၁၀ ဖြစ်သည်။

**Source: financial express**

https://www.foodindustrydirectory.com.mm/food-industry/cuisine/chinese/item/7280-oninion.html

## အိန္ဒိယနိုင်ငံ၏ လယ်ယာထွက်ကုန်တင်ပို့မှုသည် စက်တင်ဘာလတွင် တန်ချိန် ၁၇ ဒသမ ၉၃ သိန်းသာ ရရှိခဲ့ပြီး ပို့ကုန်ကျဆင်းခဲ့

စိုက်ပျိုးရေးနှင့်စားသောက်ကုန်ပစ္စည်းများတင်ပို့မှုဖွံ့ဖြိုးတိုးတက်ရေးအာဏာပိုင်အဖွဲ့(APEDA)၏ အချက်အလက်များအရ အိန္ဒိယနိုင်ငံ၏ ဘာစမာတီဆန်အပါအဝင် လယ်ယာထွက်ကုန်တင်ပို့မှုမှာ ယခုနှစ် ဩဂုတ်လတင်ပို့နိုင်မှု တန်ချိန် ၂၇ ဒသမ ၉၄ သိန်းနှင့်နှိုင်းယှဉ်ပါက စက်တင်ဘာလတွင် တန်ချိန် ၁၇ ဒသမ ၉၃ သိန်းသာ တင်ပို့နိုင်ခဲ့သဖြင့် တင်ပို့မှုကျဆင်းခဲ့ကြောင်း၊ ဧပြီလနှင့်မေလတို့တွင် လယ်ယာထွက်ကုန်တင်ပို့မှုမှာ ပျမ်းမျှတန်ချိန် ၃၃ သိန်းဝန်းကျင်ရှိခဲ့ကြောင်း၊ သို့ရာတွင် ဆန်ကွဲနှင့် ဘာစမာတီမဟုတ်သော ဆန်ဖြူအပါအဝင် ဆန်မျိုးစုံတင်ပို့မှုအပေါ် ကန့်သတ်ချက်များကြောင့် လယ်ယာထွက်ကုန်များတင်ပို့မှုမှာ တန်ချိန် ၁၅ သိန်းနီးပါးကျဆင်းခဲ့ကြောင်း သိရသည်။

လယ်ယာသုံးပစ္စည်းများတင်ပို့မှုမှာ တန်ဖိုးအားဖြင့် ယခုဘဏ္ဍာနှစ် ဩဂုတ်လတွင် ရူပီး ၁,၈၁,၂၈၀ သန်းရရှိခဲ့ရာမှ စက်တင်ဘာလအတွင်း ရူပီး ၁,၄၁,၅၃၀ သန်းအထိ ကျဆင်းခဲ့ကြောင်း၊ စက်တင်ဘာလအတွင်း တင်ပို့မှုအများစုမှာ ဘာစမာတီမဟုတ်သောဆန်ဖြူတန်ချိန် ၄ ဒသမ ၂၅ သိန်း၊ ဘာစမာတီဆန်တန်ချိန် ၁ ဒသမ ၂၁ သိန်း၊ ကြက်သွန်နီတန်ချိန် ၁ ဒသမ ၅၁ သိန်းနှင့် ကျွဲသားတန်ချိန် ၁ ဒသမ ၂ သိန်းကျော်ရှိကြောင်း စာရင်းများအရ သိရသည်။

အိန္ဒိယနိုင်ငံ၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ လယ်ယာထွက်ကုန်ပစ္စည်းစုစုပေါင်းတင်ပို့မှုမှာ တန်ချိန် ၁၇၂ ဒသမ ၂၇ သိန်းရှိပြီး ပြည်တွင်းစားနပ်ရိက္ခာဖူလုံမှုရှိစေရန်နှင့် စားသောက်ကုန်ဈေးနှုန်းတည်ငြိမ်မှုရှိစေရန်အတွက် ဘာစမာတီဆန်ကို အနိမ့်ဆုံးပို့ကုန်ဈေးနှုန်းသတ်မှတ်ခြင်းနှင့် ဘာစမာတီမဟုတ်သည့် ဆန်ဖြူအမျိုးအစားများအား တင်ပို့မှုကန့်သတ်ပိတ်ပင်မှုတို့ကြောင့် ယခုနှစ်တွင် လယ်ယာထွက်ကုန်ပစ္စည်းအချို့တင်ပို့မှုမှာ ထိခိုက်မှုများရှိခဲ့ကြောင်းသိရသည်။

**Source: Agri-commodities exports decline to 17.93 Lakh tonnes in Sept: APEDA, The Economic Times, December 10, 2023.**

**(မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး၊ နယူးဒေလီမြို့)**

https://myantrade.gov.mm/article/STP(Yangon)-12122023-11:47

## မြန်မာနိုင်ငံသည် ဗီယက်နမ်နိုင်ငံသို့ သကြားတင်ပို့ရန် ဦးစားပေးဆောင်ရွက်လျက်ရှိ




မြန်မာနိုင်ငံမှ သကြားတန်ချိန်ပေါင်း (၁၀,၀၀၀)ကို ဗီယက်နမ်နိုင်ငံသို့ တင်ပို့ရန်အတွက် အမှာလက်ခံစာ ရရှိပြီးဖြစ်သောကြောင့် ဗီယက်နမ်နိုင်ငံကို ဦးစားပေးတင်ပို့မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ သကြားနှင့်ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်း၏ ပြောကြားချက်အရ သိရှိရပါသည်။

မြန်မာနိုင်ငံသည် ဘင်္ဂလားဒေ့ရှ်၊ အင်ဒိုနီးရှားနှင့် အခြားပြည်ပနိုင်ငံများသို့ သကြားတင်ပို့ရန် စီစဉ်လျက်ရှိပါသည်။ သို့သော် ဗီယက်နမ်၏ ဝယ်ယူမှုအမှာစာအရ သကြားတင်ပို့မှုကို ၎င်းနိုင်ငံသို့ ဦးစွာတင်ပို့မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် သကြားကို ပြည်တွင်းသုံးစွဲမှုဖူလုံပြီး ပိုလျှံသကြားများကို ပြည်ပကုန်သွယ်ဖက်များထံ တင်ပို့လျက်ရှိပါသည်။ မြန်မာနိုင်ငံတွင် သကြားစက်ရုံများမှ ကြံကြိတ်ဝါးခြင်းလုပ်ငန်းများကို နိုဝင်ဘာလမှဒီဇင်ဘာလအထိ အပြည့်အဝလုပ်ဆောင်လျက်ရှိပါသည်။

ဒီဇင်ဘာလတွင် ပြည်တွင်းဈေးကွက်သို့ သကြားအသစ်များ စတင်ဝင်ရောက်မည်ဖြစ်ပါသည်။ ယခုနှစ်တွင် သကြားစက်များသည် ယခင်သတ်မှတ်နှုန်းထားဖြစ်သော ကြံတစ်တန်လျှင် ကျပ်(၁,၁၀,၀၀၀)မှ (၂၀၂၃-၂၀၂၄) ကြံရာသီအတွက် ကြံတစ်တန်လျှင် ကျပ်(၁,၅၀,၀၀၀)သို့ တိုးမြှင့်သတ်မှတ်ခဲ့ကြောင်း (၂၉.၁၁.၂၀၂၃)ရက်နေ့တွင် ထုတ်ဝေခဲ့သော Global New Light of Myanmar ကွန်ရက်ဆောင်းပါးအရ သိရှိရပါသည်။

**Source: MIS of DoA**

https://t.me/htwettoe

## မကွေးကုန်စည်ဒိုင်၏ သီးနှံမျိုးစုံဈေးနှုန်းများနှင့် အရောင်းအဝယ်ဖြစ်မှု

မကွေးတိုင်းဒေသကြီး၊ မကွေးကုန်စည်ဒိုင်နှင့်ပွဲရုံများ၌ သီးနှံမျိုးစုံ ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိရာ ဒီဇင်ဘာလ (ပထမပတ်) တွင် မကွေးကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်လျက်ရှိသော သီးနှံဈေးနှုန်းများမှာ ပဲတီစိမ်း (သစ်) (၂၀) ပိဿာပါ တစ်တင်းလျှင် ကျပ် (၅၅,၀၀၀)၊ ပဲနောက်(၂၀) ပိဿာပါ တစ်တင်းလျှင် ကျပ် (၄၆,၆၀၀)၊ ပဲလွန်း (၁၉) ပိဿာပါ တစ်တင်းလျှင် ကျပ် (၅၂,၄၄၀)၊ ကုလားပဲ (929) (၁၉) ပိဿာပါ တစ်တင်းလျှင် ကျပ်(၈၆,၀၇၀)၊ ကုလားပဲ(ဟော်လန်)(၁၉)ပိဿာပါ တစ်တင်းလျှင် ကျပ်(၈၇,၀၂၀)၊ပဲကြီး (ဖြူ) ပြားကြီး(၁၉) ပိဿာပါ တစ်တင်းလျှင် ကျပ်(၁,၂၀,၀၈၀)၊ ပဲကြီးမဲ (၁၉) ပိဿာပါ တစ်တင်းလျှင် ကျပ် (၈၄,၉၃၀)၊ စားတော်ပဲ (၁၉) ပိဿာပါ တစ်တင်းလျှင် ကျပ်(၁,၁၄,၀၀၀)၊ မတ်ပဲ (၂၀) ပိဿာပါ


တစ်တင်းလျှင် ကျပ် (၈၂,၀၀၀)၊ နှမ်းနက် (စမုန်) (၁၅) ပိဿာပါတစ်တင်းလျှင် ကျပ် (၁,၀၈,၀၀၀)၊ နှမ်းဖြူ (၁၅) ပိဿာပါ တစ်တင်းလျှင် ကျပ်(၁,၁၀,၀၀၀)၊ နှမ်းနီ (မကွေး) (၁၅) ပိဿာပါ တစ်တင်းလျှင် ကျပ် (၁,၀၀,၀၀၀)၊မြေပဲလုံးဆန် (နီ) တစ်ပိဿာလျှင် ကျပ် (၆,၃၀၀) နှင့် မြေပဲလုံးဆန် (ဖြူ) တစ်ပိဿာလျှင် ကျပ် (၅,၆၅၀) စသည့်ဈေးနှုန်းများဖြင့် အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း သိရသည်။

မကွေးကုန်စည်ဒိုင်၌ ဒီဇင်ဘာလ (ပထမအပတ်) အတွင်း အရောင်းအဝယ်ဖြစ်မှုအနေဖြင့် နှမ်းဖြူ တန်ချိန် (၁၀၀) တန်ခန့်၊ နှမ်းနီ တန်ချိန် (၂၅) တန်ခန့်၊ နှမ်းနက် (စမုန်) တန်ချိန် (၁၀၀) တန် ခန့်၊ ပဲတီစိမ်း တန်ချိန် (၂၅) တန်ခန့်၊ ကုလားပဲ တန်ချိန် (၁၀၀) တန်ခန့်၊ ပဲကြီး (ဖြူ) တန်ချိန် (၅၀) တန်ခန့်၊ ပဲကြီး (မဲ) တန်ချိန် (၁၀) တန်ခန့်၊ စားတော်ပဲ တန်ချိန် (၂၀) တန်ခန့်၊ မတ်ပဲ တန်ချိန် (၁၅) တန်ခန့်နှင့် မြေပဲဆန် တန်ချိန် (၅၀၀) တန်ခန့်၊ ပဲနောက် တန်ချိန် (၅၀) တန်ခန့်နှင့် ပဲလွန်းဝါ တန်ချိန် (၇၀) တန် ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

**Source: DOCA (မကွေး)**

https://www.commerce.gov.mm/my/article/update-news-local-trade/%E1%80%99%E1%80%80%

## STOCK EXCHANGE (12.12.2023)




| Trading Volume | Trading Value |
|---|---|
| 2,004 (Shares) | 4,579,550 (MMK) |

Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,600 | -200 | -2.27% | 8,600 | 8,700 | 8,600 | 46 | 396,600 | 33,109,694 | 284,743 |
| MTSH | 00002 | 2,900 | +0 | +0.00% | 2,850 | 2,900 | 2,850 | 187 | 542,250 | 38,929,150 | 112,895 |
| MCB | 00003 | 7,400 | +100 | +1.37% | 7,400 | 7,400 | 7,400 | 46 | 340,400 | 10,400,986 | 76,967 |
| FPB | 00004 | 1,550 | -50 | -3.13% | 1,600 | 1,600 | 1,550 | 53 | 82,400 | 29,664,613 | 45,980 |
| TMH | 00005 | 2,400 | +0 | +0.00% | 2,400 | 2,400 | 2,400 | 200 | 480,000 | 12,823,224 | 30,776 |
| EFR | 00006 | 2,000 | +0 | +0.00% | 1,950 | 2,000 | 1,950 | 960 | 1,892,500 | 19,977,223 | 39,955 |
| AMATA | 00007 | 4,800 | +0 | +0.00% | 4,800 | 4,800 | 4,800 | 0 | 0 | 10,497,598 | 50,389 |
| MAEX | 00008 | 1,700 | +0 | +0.00% | 1,700 | 1,700 | 1,650 | 512 | 845,400 | 23,804,946 | 40,468 |




| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 361.67 | -3.74 | -1.02% | 364.38 | 364.38 | 360.64 | 2,004 | 4,579,550 | 8 | 682,173 |

## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 12th Dec. 2023

| Trading Volume | Trading Value |
|---|---|
| 2,004 (Shares) | 4,579,550 (MMK) |

### Main Board

As of 1:00 pm, 12th Dec. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,004 (Shares) | 4,579,550 (MMK) |

| MYANPIX | 361.67 ▼ 3.74 |
|---|---|
| Total Volume (shares) | 2,004 |
| Total Value (MMK) | 5 mil |
| Listed Company | 8 |
| Market Cap. (MMK) | 682,173 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,600 | ▼ 200 |
| MTSH | 00002 | 2,900 | ▲ 0 |
| MCB | 00003 | 7,400 | ▲ 100 |
| FPB | 00004 | 1,550 | ▼ 50 |
| TMH | 00005 | 2,400 | ▲ 0 |
| EFR | 00006 | 2,000 | ▲ 0 |
| AMATA | 00007 | 4,800 | ▲ 0 |
| MAEX | 00008 | 1,700 | ▲ 0 |

TIR